မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 16, 2022 Volume 51, Number 12

**၁၆.၂.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၅၄ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၉၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၂၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၂.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၀၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၀၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## အိန္ဒိယက စားအုန်းဆီကြမ်း အခွန်လျှော့သဖြင့် မလေးရှားစားအုန်းဆီကြမ်း ဈေးတက်



စားအုန်းဆီ တင်သွင်းမှု ကမ္ဘာ့အများဆုံးနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံ အစိုးရက ပြည်တွင်းစားသုံးသူများ သက်သာချောင်ချိရေးနှင့် ဆီသန့်စက်ရုံများဆက်လက် လည်ပတ်နိုင်စေရေးအတွက် စားအုန်းဆီအပေါ် ကောက်ခံတဲ့ အခွန်နှုန်းထားလျှော့ချပေးလိုက်တဲ့အတွက် စားအုန်းဆီသွင်းကုန်လုပ်ငန်းတွေ ပမာဏပိုများ များဝယ်ယူကြတော့မယ်လို့ တွက်ဆကြတာကြောင့် ဧပြီလအတွက် ကြိုဝယ်ကြိုရောင်း တစ်တန်ဈေးနှုန်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမှာ ရင်းဂစ် ၅,၆၉၇ အထိမြင့်တက်ခဲ့ပြီး အပိတ်ဈေး ရင်းဂစ် ၅,၆၇၂ ဖြင့်ဈေးပိတ်ခဲ့ပါတယ်။စားအုန်းဆီအတွက် အများဆုံးအစားထိုးတဲ့ ပဲပုပ်ဆီလည်း ၄ ရက်ဆက်တိုက် ဈေးတက်ပါတယ်။

ရေနံဈေးနှုန်း တက်တာကြောင့် ဒီဇယ်ဆီဈေးလည်းတက်နေပြီး ဒီဇယ်မှာ စားအုန်းဆီ ရောနှောပြီး ဘိုင်အိုဒီဇယ်ကို ပိုမိုသုံးစွဲကြမှာဖြစ်လို့ စားအုန်းဆီသုံးစွဲမှုပမာဏ မြင့်တက်မယ်လို့ ခန့်မှန်းထားကြတာကြောင့် စားအုန်းဆီကြိုပွိုင့်ဈေး ဈေးမာနေပါတယ်။

စားအုန်းဆီ တင်သွင်းခြင်းအပေါ် စည်းကြပ်တဲ့ အခွန်ကိုလျှော့ချပေးလိုက်တဲ့အတွက်"ဆီကြမ်းကို အိန္ဒိယဝယ်လက်တွေက ဆီသန့်ထက်ပိုစိတ်ဝင်စားကြတယ်။ ဆီသန့်စက်ရုံတွေလည်း ပိုမိုထုတ်လုပ်ဖို့ ကုန်ကြမ်းဖြစ်တဲ့ ဆီကြမ်းကို ပိုဝယ်ကြလိမ့်မယ်" လို့ မွန်ဘိုင်းအခြေစိုက် Sunvin Group မှ စီအီးအို Sandeep Bajoria က ပြောကြားပါတယ်။

ဖေဖော်ဝါရီလ ၁၄ ရက်မှာ အိန္ဒိယ ကုန်သည်များက မတ်လမှာ ပေးပို့ရန်အတွက် စားအုန်းဆီကြမ်း တန်ချိန် ၄၀,၀၀၀ ကို အမေရိကန်ဒေါ်လာ ၁၅၁၇.၅၀ ~ ၁၅၂၅.၀၀ ဖြင့် ဝယ်ယူခဲ့ကြတယ်လို့ Bajoria က ပြောကြားပါတယ်။ အဆိုပါဈေးနှုန်းက သယ်ပို့ခအပါအဝင်ဖြစ်ပြီး အိန္ဒိယဆိပ်ကမ်းအရောက် ဈေးနှုန်းဖြစ်ပါတယ်။ ဆီသန့်ကြိုဝယ်မှု မရှိခဲ့ဘူးလို့ သူကပြောပြပါတယ်။

မလေးရှားမှ စားအုန်းဆီပွဲစားလုပ်ငန်း Pelindung Bestari မှ ညွှန်မှူး Paramalingam Supramaniam က စားအုန်းဆီဈေးနှုန်း ပြီးခဲ့တဲ့နှစ်အတွင်း ၅၀% မြင့်တက်ခဲ့တယ်လို့ဆိုပါတယ်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

စားအုန်းဆီတင်ပို့မှု ကမ္ဘာ့အများဆုံးနိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ဒုတိယကမ္ဘာ့ အများဆုံးနိုင်ငံဖြစ်တဲ့ မလေးရှားတို့ရဲ့ တင်ပို့မှုတန်ချိန်ပမာဏ လျော့ကျလာခဲ့လို့ဖြစ်ပါ တယ်။ မလေးရှားမှာ စိုက်ခင်းလုပ်သား မလုံလောက်တဲ့ အခြေအနေ ကြောင့် ၂၀၂၂ ပထမ ၃လပတ်အတွင်း တစ်လတာ ထုတ်လုပ်မှုတန်ချိန် ၁.၈~၂.၀ သန်း အောက်မှာ ရှိနေဦးမယ်လို့ သူက ခန့်မှန်းထားပါတယ်။

အိန္ဒိယက စားအုန်းဆီကြမ်း crude palm oil (CPO) အပေါ်မှာ Agriculture Infrastructure and Development Cess (AIDC) အခွန်ကို ယခင်က ၇.၅% စည်းကြပ်ခဲ့ရာမှ ၅% သို့ လျှော့ချပြီး ပြင်ဆင်သတ်မှတ်လိုက်ပါတယ်။ ဖေဖော်ဝါရီလ ၁၂ ရက်မှာ စတင်သက်ရောက်ပါတယ်။

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ အခြေစိုက် Solvent Extractors' Association of India (SEA) အသင်းမှ အမှုဆောင်ဒါရိုက်တာ B.V. Mehta က "AIDC လျှော့ချလိုက်ပြီးချိန်မှာ ဆီသန့်နဲ့ ဆီကြမ်းအကြား အခွန်နှုန်းထား ကွာဟချက်က ၈.၂၅% ရှိပါတယ်။ တကယ်လို့ ၁၁% ဖြစ်မယ်ဆိုရင် ဆီသန့်စက်ရုံတွေ လုပ်ရတာပိုအားရှိမယ်" လို့ ပြောကြားပါတယ်။ အိန္ဒိယက ပြည်တွင်းစားဆီ လိုအပ်ချက်ရဲ့ သုံးပုံနှစ်ပုံကို တင်သွင်းပါတယ်။

ပဲပုပ်ဆီနှင့် နေကြာဆီတို့ကို အာဂျင်တီးနား၊ ဘရာဇီး၊ ယူကရိန်းနှင့် ရုရှားတို့မှ အဓိကအားဖြင့် တင်သွင်းပါတယ်။ စားအုန်းဆီ ကို အင်ဒိုနီးရှားနှင့်မလေးရှားတို့မှ တင်သွင်းပါတယ်။ ပြီးခဲ့တဲ့လအနည်းကယ်အတွင်းမှာ စားအုန်းဆီသန့် တင်သွင်းတဲ့ တန်ချိန်ပမာဏက စားအုန်းဆီအမျိုးမျိုး တင်သွင်းတဲ့ တန်ချိန်ပမာဏ စုစုပေါင်းရဲ့ ထက်ဝက်နီးပါးရှိခဲ့တယ်လို့ Sandeep Bajoria က ပြောကြားပါတယ်။

စားအုန်းဆီ တင်ပို့တဲ့ နိုင်ငံတွေမှာ ဆီကြမ်း တင်ပို့တဲ့အတွက် စည်းကြပ်တဲ့အခွန်က ဆီသန့်ထက် ပိုများတဲ့အတွက် ဆီကြမ်းရောင်းဈေး မြင့်တက်ပါတယ်။ အိန္ဒိယမှ ဆီသန့်စက်ရုံများအနေဖြင့် ဆီကြမ်းတင်သွင်းရင် ပေးရတဲ့အခွန်အမျိုးမျိုး ကြောင့်ကုန်ကျစရိတ်များနေစေပြီး ထုတ်လုပ်တဲ့ ဆီသန့်ရောင်းဈေးက ပြည်ပဈေးကွက်မှာ ရောင်းချတဲ့ဈေးနှုန်းများကို မယှဉ်ပြိုင်နိုင်တဲ့အတွက် အခွန်ပြဋ္ဌာန်းချက်များကို ပြင်ဆင်ပေးဖို့ ဆီသန့်စက်ရုံတွေက အစိုးရကို တောင်းဆိုနေကြပါတယ်။

အစိုးရက ၂၀၂၁ ဒီဇင်ဘာလမှာ စားအုန်းဆီချော RBD palmolein တင်သွင်းမှုအပေါ် စည်းကြပ်တဲ့ အကောက်ခွန်နှုန်းထားကို ၁၉.၂၅ မှ ၁၃.၇၅% သို့ လျှော့ချခဲ့ပါတယ်။ ဒါပေမဲ့ ဆီကြမ်း CPO ကိုတော့ လျှော့ချခြင်း မပြုခဲ့ပါဘူး။စားအုန်းဆီ သွင်းကုန်အပေါ် အကောက်ခွန်နှုန်းထား လျှော့ချပေးထားတာ သက်တမ်း မတ်လ ၃၁ မှာကုန်ဆုံးတော့မှာဖြစ်လို့ စက်တင်ဘာ လကုန်အထိ သက်တမ်းတိုးမြှင့် သတ်မှတ်ကြောင်းလည်း အစိုးရက ထုတ်ပြန်ကြေညာခဲ့ပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/4259-india-cuts-tax-crude-palm-oil-imports.html

## နိုင်ငံခြားငွေဈေးအပြောင်းအလဲကြောင့် မန္တလေးပဲဈေးကွက်တွင် ပြီးခဲ့သည့်ရက်ပိုင်းက ဈေးကျနေသည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲယင်းနှင့် V2 ကုလားပဲများ ဈေးတက်လာ



https://news-eleven.com/article/225759

မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ဈေးကွက်တွင် နိုင်ငံခြား ငွေဈေးအပြောင်းအလဲကြောင့် ပြီးခဲ့သည့်ရက်ပိုင်းက ဈေးကျနေသည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲယင်းနှင့် V2 ကုလားပဲ များဈေးတက်လာကြကြောင်း မန္တလေးမြို့ ပဲကုန်သည်များထံမှ သိရသည်။

"အခုရက်ပိုင်းက ပဲဈေးကလူးနေတယ်လို့ ပြောလို့ရမယ်။ သိပ်မထူးဘူး။ ပဲစင်းငုံဈေး ၁၂၆၀၀၀၊ မတ်ပဲဈေး ၁၁၈၀၀၀ တက်သွားတယ်။ ပဲဈေးပြန်တက်တာက အခုရက်ပိုင်း ရန်ကုန်ဘက်ကနေ ဝယ်ယူနေတာက မတ်ပဲ၊ ပဲစင်းငုံ တို့ဝယ်နေတယ်။ မတ်ပဲသုံးတင်းဝင်တစ်အိတ် ၁၁၈၀၀၀ ဈေး၊ ပဲစင်းငုံက ၁၂၆၀၀၀ ဈေးနဲ့ ဒီနေ့ (ဖေဖော်ဝါရီ ၁၅) အရောင်းအဝယ်ဖြစ်ကြတယ်။ ဟိုအရင် ရက်တွေက ပဲစင်းငုံက ၁၂၀၀၀၀ ဈေးအထိ ဈေးကျသွားတယ်။ မတ်ပဲက ၁၁၂၀၀၀ အထိ ဈေးကျသွားတယ်။ အဓိကက ငွေဈေးတက်တော့ ပဲဈေးက ပေါနေသလိုဖြစ်နေတာပါ။ နိုင်ငံခြားဝယ်လက်တွေအတွက်က ဈေးကပေါနေတာပါ။ အဲဒါကြောင့် ဈေးကမကျဘဲ ဈေးပြန်တက်လာတာပါ။ စမုန်နှမ်း

ထိပ်စဈေး ၂၁၅၀၀၀၊ နှမ်းဖြူထိပ်စ ၁၇၀၀၀၀ ဈေးရှိပြီး ဈေးမကျပါဘူး။ အရောင်းအဝယ် ဖြစ်ကြတယ်။ တရုတ်လိုင်းဘက်က မြေပဲဆန် ပုံမှန်ဝယ်ယူနေတယ်။ မြေပဲဆန်အနီ တစ်ပိဿာ ၂၉၀၀ ဈေး၊ အဖြူဆန် ၃၁၀၀ ကနေ ၃၃၀၀ အထိရှိပါတယ်။ ပဲယင်းဆို ဈေးပြန်တက်တယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက ၈၅၀၀၀ အထိ ကျသွားတယ်။ ဒီနေ့ ၉၅၀၀၀ ဈေးပြန်ဖြစ်တယ်။ သုံးတင်း တစ်အိတ်ကို ကျပ် ၁၀၀၀၀ လောက် ဈေးပြန်တက်လာတယ်။ ငွေဈေးက ၁၉၇၀ ကနေ ၁၉၈၀ လောက်ရှိတော့ ပဲဈေးကျရင် နိုင်ငံခြားဝယ်လက်အနေနဲ့က ဈေးပေါသလိုဖြစ်တော့ အားလုံးဝိုင်းဝယ်တော့ ပဲဈေးက ပြန်တက်လာတယ်။ ပဲစင်းငုံ၊ ပဲယင်း အဲဒီပုံစံပါ။ ပြီးတော့ တောင်သူက ပဲဈေးကျသွားရင် မြို့ပေါ်လာပြီး တက်မရောင်းတော့ဘူး။ မတ်ပဲ၊ ပဲစင်းငုံဆို တစ်တင်း ၄၀၀၀၀ လောက်မှ လာရောင်းကြတာ။ အဲအောက်ဆို လာမရောင်းတော့ဘူး။ အဲဒီအပိုင်းတော့ရှိတယ်။ ကုလားပဲအုပ်စုပဲကို ပဲခွဲစက်သမားတွေက အဟောင်းလက်ကျန်နည်းသွားတော့ အသစ်ကိုဝယ်ပြီး ခွဲနေရတော့ လိုအပ်ချက်ကြောင့် ပဲဈေးပြန်တက် ရတယ်။ ကုလားပဲအုပ်စုက V2 ကုလားပဲ ပြီးခဲ့တဲ့ရက်က ၁၀၇၀၀၀ အထိ ကျသွားတယ်။ အခု V2 ကုလားပဲ ၁၁၃၀၀၀ ဈေးဖြစ်သွားတယ်” ဟု မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ပြန်ကြားရေး တာဝန်ခံက ပြောကြားသည်။

အိန္ဒိအစိုးရက မြန်မာနိုင်ငံမှ ထွက်သည့် ပဲတီစိမ်းကို ကန့်သတ်တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ် မူဝါဒပြင်ဆင် သတ်မှတ်ကြောင်းကို ဖေဖော်ဝါရီ ၁၁ ရက်က အိန္ဒိယနိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက Notification S.O 624(E) ဖြင့် ထုတ်ပြန်ခဲ့ကြောင်း၊ ပဲတီစိမ်းအပြင် မတ်ပဲ၊ ပဲစင်းငုံတို့ကို လွတ်လပ်စွာ (Free) တင်သွင်းခွင့် ပြုသည့်ကုန်စည်အဖြစ် မတ်လကုန်အထိ သတ်မှတ်ခဲ့ကြောင်း၊ ယခုအခါ ပဲတီစိမ်းကို ကန့်သတ်ကုန်စည်အဖြစ် ပြင်ဆင်ပြီး ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**Source:** https://news-eleven.com/article/225759

## ဈေးကွက်အပြိုင်အဆိုင်ဖွံ့ဖြိုးလာစေတဲ့ ပဲစင်းငုံ စုပေါင်းရောင်းချပွဲကြောင့် ပဲစင်းငုံစိုက်တောင်သူများ အကျိုးအမြတ်များ ပိုတိုး



https://greenwaymyanmar.com/posts/Pigeon_Pea_Collective_Coorperation_Market

၂၀၂၂ ပဲစင်းငုံရာသီမှာ ဈေးကွက်ဖွံ့ဖြိုးလာဖို့အတွက် မကွေးမြို့က မြင့်မြတ်တော်ဝင် ကုမ္ပဏီ၊ Good Brothers ကုမ္ပဏီနဲ့ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့တွေပူးပေါင်းပြီး ပဲစင်းငုံ သီးနှံစုပေါင်း ရောင်းချပွဲတွေကို မကွေးမြို့နဲ့ ရေနံချောင်းမြို့တွေမှာ ပြုလုပ်ခဲ့ပြီး အဲ့ဒီမြို့နယ်တွေထဲက ကျေးရွာပေါင်း ၄၀ ကျော် ပါဝင်ရောင်းချခဲ့ကြပါတယ်။ ဒီဇင်ဘာလ ၁၅ ရက်နေ့ကနေ ဇန်နဝါရီလ ၃၀ ရက်အထိ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

ဒီအခြေအနေကို သီးနှံစိုက်ပျိုးသူတောင်သူလည်းဖြစ်ပြီး တိုင်းတောင်သူဖွံ့ဖြိုးရေး အဖွဲ့ဝင်တစ်ဦးလည်းဖြစ်တဲ့ ဦးစိုးလွင်အေးက Green Way ကို အခုလို ပြောပါတယ်။

“ ပဲစင်းငုံက တန်ချိန်အားဖြင့် တန် ၁၅၀၀ ကျော်သွားတယ်။ ၂၄ ရက်နေ့က ပြီးသွားတာကို တောင်သူတွေ တောင်းဆိုလို့ နောက်ထပ် ၅ရက်ထပ်လုပ်ဖြစ်တယ်။ အနည်းဆုံး တစ်တင်းကို၃၃၅၀၀ကနေ ၄၅၂၀၀ အထိမြင့်သွားတယ်။ ရောင်းပွဲသာမလုပ်ဘူးဆိုရင် ၃၃၅၀၀ အထိ ရသွားနေရမှာပဲ။ ရောင်းပွဲလုပ်လိုက်တော့ တောင်သူက ရွေးချယ်ခွင့်တွေရသွားပြီး တော့ ဈေးကွက်က တောင်သူရွေးချယ်ပြီးရောင်းလို့ရတဲ့အထိ သူပြိုင်၊ကိုယ်ပြိုင်တွေတက်လာတော့ ၄၅၂၀၀အထိ ဈေးတက် လာတယ်”

မြန်မာနိုင်ငံမှာ ပဲမျိုးစုံ စိုက်ဧက ဆယ်သန်းကျော်ရှိတဲ့အနက် ပဲစင်းငုံစိုက်ဧကက စုစုပေါင်းစိုက်ဧရိယာရဲ့ ၁၅ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၈-၂၀၁၉ စာရင်းများအရ တစ်နိုင်ငံလုံးမှာ ပဲစင်းငုံစိုက်ဧက တစ်သန်းကျော်ရှိပြီး အထွက်တန်ချိန် ငါးသိန်းကျော်ထွက်ရှိတယ်လို့ စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားပါတယ်။

မြန်မာနိုင်ငံက ထွက်ရှိတဲ့ ပဲစင်းငုံတွေကို အိန္ဒိယနိုင်ငံကိုအများဆုံးတင်ပို့နေပြီး စင်္ကာပူ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ အာရပ်စော်ဘွားများနိုင်ငံ၊ ပါကစ္စတန်၊ နီပေါ၊ ယူနိုက်တက်ကင်းဒမ်းနဲ့ မလေးရှား နိုင်ငံတို့ကိုလည်း တင်ပို့နေပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လကစပြီး တန်ချိန် ၂ သိန်း လောက်နှစ်စဉ်တင်ပို့နေတဲ့ အိန္ဒိယနိုင်ငံက မြန်မာ့ပဲတင်သွင်းမှုကို ကန့်သတ်ကုန်စည်အမျိုးအစားအောက် ထည့်သွင်းခဲ့တဲ့အချိန်ကစပြီး ပဲစင်းငုံ ဈေးကွက် ပျက်ခဲ့တဲ့အတွက် ဈေးတွေကျဆင်းပြီး စိုက်ကေတွေလျော့ကျခဲ့ပါတယ်။ ဒါကြောင့် ပဲစင်းငုံတစ်တင်းကို ကျပ်တစ်သောင်း နှစ်ထောင်လောက်အထိ ကျဆင်းခဲ့ပြီး ယခင်နှစ်ပဲစင်းငုံရာသီမှာတော့ ဈေးအများဆုံး ကျပ်၂၆၅၀၀ အထိသာ ရရှိခဲ့ပါတယ်။

ယခုနှစ်မှာ ရေရှည်တည်တံ့ပြီး ကောင်းမွန်ခိုင်မာသော သီးနှံဈေးကွက်စီမံကိန်းပြီးဆုံးသွားပေမယ့် ပဲစင်းငုံသီးနှံစုပေါင်းရောင်းချပွဲကို ပထမဆုံးကျင်းပနိုင်ခဲ့ရာမှာ ပဲစင်းငုံတစ်တင်းကို ကျပ် ၄၅၂၀၀အထိ အမြင့်ဆုံးဈေးကို ရရှိခဲ့ပါတယ်။ ဒါ့အပြင် တောင်သူများထံမှ ပွဲခနဲ့ အလုပ်သမားခမယူတဲ့အပြင် အိတ်ခွံအလေးချိန် သတ်မှတ်ရာမှာလည်း ဒေသခံသီးနှံဝယ်ယူရေးကုန်စည်ဒိုင်တွေလို ၂၅ ကျပ်သား မသတ်မှတ်ပဲ ၁၂ကျပ်ခွဲသားသာ သတ်မှတ်တာတွေ၊ ဈေးကွက်ပေါက်ဈေးအတိုင်း နေ့စဉ်ဈေးနှုန်းပြောင်းလဲဝယ်ယူတာတွေက ဒေသခံ ကုန်စည်ဒိုင်တွေထက် အားသာချက်တွေရှိလာပြီး ဈေးကွက်ဖွံ့ဖြိုးလာဖို့အထောက်အကူ ဖြစ်စေခဲ့တာဖြစ်ပါ တယ်။

ဈေးကွက်တွေပျက်ခဲ့ပေမယ့် ပဲစင်းငုံက စိုက်ပျိုးရလွယ်ကူတဲ့အပြင် လောင်စာအတွက်ထင်းရတဲ့အပင်လည်း ဖြစ်လို့ တောင်သူမပစ်ရက်တဲ့ သီးနှံဖြစ်တဲ့အတွက် ဈေးကွက်ကောင်းမွန်လာပြီး ရောင်းဝယ်ရေး စနစ်တွေလည်း ကောင်းမွန်လာလို့ ပဲစင်းငုံအတွက်တော့ တောင်သူပျော်တဲ့နှစ်ဖြစ်တယ်လို့ ရေနံချောင်းမြို့နယ်က မြေပဲ၊ နှမ်း၊ ပဲစင်းငုံစိုက်ပျိုးသူ တောင်သူ မလှဲ့စန်းက ပြောပါတယ်။

“ ပဲစင်းငုံက တစ်တင်းခွဲစိုက်တယ်။ တစ်တင်းနဲ့ ရှစ်ပြည်ပေါ့။ အထွက်တွေ ဒီနှစ် အရမ်းကောင်းပါတယ်။ တစ်တင်းခွဲကျကို တင်း ၇၀လောက်ရတယ်။ ဈေးလည်းကောင်းတော့ အကုန်လုံးပျော်နေကြပါတယ်။ ပဲစင်းငုံအပြင် နှမ်းလည်းစိုက်တယ်။ မြေပဲလည်းစိုက်တယ်။ အကျိုးအဖြစ်ဆုံးသီးနှံထဲမှာ သူက အဖြစ်ဆုံးပဲ။ သူက စရိတ်လည်းသက်သာတယ်။ ပြီးတော့ အကုန်အကျနှုန်းလည်းနည်းတယ်။ နည်းပေမယ့် ရတော့လည်းအမြတ်ကြီးပဲ။ သူက အပင်နဲ့ အမြစ်ကိုလည်းထင်းစိုက်ရတယ်။ အမြစ်ကကျတော့ ထမင်းချက် ထင်းပေါ့။ အပင်ကကျတော့ထန်းလျက်ထင်းပေါ့။ နောက်တစ်ခါသူ့ရဲ့ အသီးရဲ့ အခွံတို့၊ အရွက်တို့ကျတော့ နွားကျွေးရပါတယ်။ အဆံကျလူစားရပါတယ်။ ဘာမှပစ်စရာမလိုပါဘူး။ သူကအကောင်းဆုံးသီးနှံပါပဲ။ စိုက်ပျိုးတဲ့အထဲမှာတော့အကျိုးအရှိဆုံးပေါ့။ မြေပဲတို့နှမ်းတို့ကတော့ အရင်းကြီးတာပေါ့”

အစိုးရမဟုတ်တဲ့ အရပ်ဖက်အဖွဲ့အစည်းတွေက တောင်သူတွေ ပိုပြီးအကျိုးအမြတ်ရလာစေဖို့ သီးနှံတန်ဖိုး ကွင်းဆက်ပြောင်းလဲရေးစီမံကိန်းတွေကို ၂၀၁၅ ဝန်းကျင်မှာ မြန်မာနိုင်ငံမှာ အကောင်ထည်ဖော်လာခဲ့ပါတယ်။ အဲ့ဒီမှာ ICCO နဲ့ ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ NAG တို့ ပူးပေါင်းအကောင်ထည်ဖော်ဆောင်ရွက် ခဲ့ကြတဲ့ တန်ဖိုးကွင်းဆက်ပြောင်းလဲရေးစီမံကိန်းကနေ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအချို့က စိုက်ပျိုး ထွက်ရှိသော နှမ်း၊ မြေပဲ၊ ပဲတီစိမ်းတို့ကို ကောင်းမွန်ခိုင်မာတဲ့ ဈေးကွက်တွေရရှိဖို့ အကောင်ထည်ဖော် ဆောင်ရွက် ပေးခဲ့ကြပါတယ်။ ဒီစီမံကိန်းတွေကနေ တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့တွေက သီးနှံအရည်အသွေး ကောင်းမွန်အောင် GAP စနစ်နဲ့ အကောင်ထည်ဖော်စိုက်ပျိုးနိုင်အောင် ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ဒါ့အပြင် သီးနှံ ရိတ်သိမ်းချိန်မှာလည်း ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီးရှိ Exporter များနဲ့ချိတ်ဆက်ပြီး ဒေသဈေးကွက် ပေါက်ဈေးထက်ပိုရအောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုစီစဉ်ဆောင်ရွက်ရာမှာလည်း သီးနှံအရည်အသွေးအလိုက် ဈေးနှုန်းသတ်မှတ်ရာမှာ တောင်သူများကလည်း အကျိုးအမြတ်ရှိသော ဈေးနှုန်းများရရှိအောင် ပါဝင်ဆွေးနွေးလာကြပါတယ်။

ဒါကြောင့် စီမံကိန်းက အကောင်ထည်ဖော်ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအတိုင်း စီမံကိန်းကာလပြီးဆုံးသွားတဲ့ အခါမှာ တိုင်းတောင်သူ ဖွံ့ဖြိုးရေးအဖွဲ့များ၊ မြင့်မြတ်တော်ဝင်ကုမ္ပဏီနဲ့ စီမံကိန်းက ကျွမ်းကျင်သူများ စုပေါင်းပြီး ၂၀၂၂ ပဲစင်းငုံရာသီမှာ ပထမဆုံး စုပေါင်းရောင်းချပွဲကို ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီအခြေအနေကို ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့မှ စီမံကိန်းအရာရှိအဖြစ် လုပ်ကိုင်ခဲ့သူလည်းဖြစ်သူ မြင့်မြတ်တော်ဝင်ကုမ္ပဏီမှ ညှိနှိုင်းရေးအရာရှိ ဦးစည်သူထွန်းကရှင်းပြပါတယ်။

"တောင်သူတွေကအစုအဖွဲ့တွေနဲ့ ပိုပြီးတော့သူတို့တွေလုပ်ကိုင်ဆောင်ရွက်သင့်တယ်ဆိုတဲ့ အမြင်တွေရသွားတယ်။ တစ်ဖက်ကပြန်ကြည့်ရင်လည်းအဲ့လိုအစုအဖွဲ့တွေ ပီပီပြင်ပြင်ဖြစ်လာမှလည်း သူတို့မှာ ဆွေးနွေးမေးမြန်း နိုင်ခွင့်တွေပိုရလာတယ်။ ကုန်သည်တွေနဲ့ ရောင်းဝယ်မှုစနစ်တွေပေါ်မှာ ဆွေးနွေးညှိနှိုင်းနိုင်တယ်။ အရည်အသွေးတွေဆုံးဖြတ်တဲ့ ကိစ္စတွေပေါ်မှာ ဆွေးနွေးညှိနှိုင်းခွင့်ရတယ်။ ဈေးနှုန်းဖြတ်တဲ့ ကိစ္စတွေမှာ စသဖြင့် ဒီလိုဟာတွေ ပိုရလာတယ်။ နောက်တစ်ခုကတော့ ဒီလိုအစုအဖွဲ့တွေ ခိုင်မာလာတာနဲ့အမျှ သူတို့အတွက် သွင်းအားစုလိုအပ်ချက်တွေ၊ နောက်တစ်ခုက ချေးငွေလိုအပ်ချက်တွေကို အတိုးနှုန်း သက်သက်သာသာနဲ့ ရဖို့ကိစ္စတွေကို ဒီအစုအဖွဲ့တွေကနေတဆင့် သွားနိုင်တယ်။ တစ်ဖက်က ပြန်ကြည့်ရင်လည်း ဒီအစုအဖွဲ့တွေရှိလို့မို့လည်း ဒါတွေကို ကုန်သည်တွေက လိုက်လျောပြီးတော့ ဆွေးနွေးညှိနှိုင်းနိုင်တဲ့ အနေထားမျိုးတွေလို့ ပြောလို့ရတယ်။ ဒီကုန်သည်တွေကလည်း တောင်သူအစုအဖွဲ့ရှိလို့ ပူးပေါင်းဆောင်ရွက်ဖြစ်တယ်။ တောင်သူတွေကလည်း ဒီလိုမျိုးအလျော့အတင်းနဲ့ဆွေးနွေးညှိနှိုင်းနိုင်တဲ့လူတွေ၊ တောင်သူရဲ့သဘောသဘာဝကို နားလည်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်ပေးတဲ့ကုန်သည်တွေ၊ လုပ်ငန်းရှင်တွေရှိလို့လည်း ဒီတောင်သူအစုအဖွဲ့တွေ ကပိုပြီးတော့ သူတို့ရေရှည်အနာဂတ် ဘယ်လိုသွားရမလဲဆိုတာ ပိုမြင်လာတယ်။ အဲ့တော့ ဒီနှစ်ခုကတော့ ဘယ်သူက ရှေ့ကလုပ်ရမလဲ ဆိုတာထက် တစ်ပြိုင်နက်တည်း အမြင်ချင်းတူဖို့လိုတယ်။ တောင်သူအစုအဖွဲ့မှာရှိနေတဲ့ခေါင်းဆောင်တွေကလည်း ဒီအမြင်မျိုးရှိလို့မို့လို့ ဒီအစီအစဉ်နဲ့ ချိတ်ဆက်ခဲ့တာဖြစ်တယ်။ နောက်တစ်ခုကတော့ တစ်ဖက်က လုပ်ငန်းရှင်တွေအနေနဲ့ကလည်း ဒီတောင်သူအစုအဖွဲ့တွေ ရေရှည်တည်တံ့နိုင်ဖို့ အားပေးရမယ်၊ ဆွဲခေါ်ရမယ်ဆိုတဲ့အမြင်မျိုး ရှိလို့လည်းရှေ့ရောက်ခဲ့တယ်လို့ ပြောရမှာပေါ့ " ရေရှည်တည်တံ့ပြီးကောင်းမွန်ခိုင်မာတဲ့ဈေးကွက်စီမံကိန်းက တောင်သူတွေ သီးနှံဈေးနှုန်းပိုရလာဖို့အပြင် ဈေးကွက်တည်ငြိမ်ဖို့ကို ဦးစားပေးအကောင်ထည်ဖော်တဲ့စီမံကိန်း ဖြစ်ပါတယ်။ တောင်သူတွေကို သီးနှံနောက်ဆုံးဈေးကွက်နဲ့ အတတ်နိုင်ဆုံးချိတ်ဆက်ပေးပြီး ဈေးအကုန်ရအောင် အကောင်ထည်ဖော် ဆောင်ရွက် ပေးတာပဲဖြစ်ပါတယ်။ ဒီစနစ်မှာ တောင်သူ့သီးနှံကို အရည်သွေးကောင်းအောင်ဆွဲတင်ပြီး ရန်ကုန်နဲ့ မန္တလေးဒေသကြီးက ပြည်ပတင်ပို့သူတွေနဲ့ ချိတ်ဆက်ပြီး ဈေးအများဆုံးပေးတဲ့ Exporter ကုမ္ပဏီမှာ ရောင်းချတာပဲ ဖြစ်ပါတယ်။ ဒီလိုရောင်းချရာမှာ ဈေးနှုန်းသတ်မှတ်ဖို့အတွက် သက်ဆိုင်ရာ စုပေါင်းရောင်းချပွဲကျင်းပရာ မြို့နယ် ကနေ Video Call နဲ့ချိတ်ဆက်ကာ တောင်သူများကပါ ဈေးနှုန်းသတ်မှတ်ရာမှာ ဝင်ရောက်ဆွေးနွေးပြီး ညှိနှိုင်းသတ်မှတ်ကြတာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ သီးနှံဝယ်ယူတဲ့ Exporter ကုမ္ပဏီများနဲ့ တောင်သူများကိုချိတ်ဆက်ပေးဖို့ မကွေးမြို့နယ်က သီးနှံဝယ်ယူရေးကုန်စည်ဒိုင်ဖြစ်တဲ့ မြင့်မြတ်တော်ဝင် ကုမ္ပဏီက အဝယ်တော်ကုမ္ပဏီအဖြစ်ပူးပေါင်းပါဝင်ကာ ဆောင်ရွက်ပေးခဲ့ပါတယ်။ ကိုယ်တိုင်သီးနှံ ဝယ်ယူရောင်းချနေတဲ့ ကုန်စည်ဒိုင်အဖြစ်ကနေ ဒေသခံ ပွဲစား(Collecter) အဖြစ်ဆင်းကာ စီမံကိန်းနဲ့ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရတဲ့ အကြောင်းကို မြင့်မြတ်တော်ဝင်ကုမ္ပဏီမှ ဦးမြင့်အောင်က အခုလိုရှင်းပြပါတယ်။

"အဲ့နေရာမှာ ပုံမှန်ရောင်းဝယ်တာတွေနဲ့ ကွာခြားတဲ့ ကျွန်တော့အမြင်နဲ့ပြောရမယ်ဆိုရင် ပုံမှန်ရောင်းဝယ်ခြင်း စနစ်တွေမှာအရည်အသွေးဆိုရင်လည်း ရောင်းခြင်းဝယ်ခြင်းမှာ ဈေးနှုန်း အတက်အကျတွေ ရှိခဲ့တယ်ဆိုရင် ပစ္စည်းအရည်အသွေးတွေ သည်အမျိုးမျိုးပြောင်းလဲ သွားတာရှိသလို ရောင်းဝယ်တဲ့စနစ်တွေမှာ ဈေးတက်ဈေးကျ များသွားတဲ့အခါမျိုးမှာ သူတို့သည်ပြောဆိုထားတဲ့ ဈေးနှုန်းတွေ၊ အရေအတွက်တွေအတိုင်းမလုပ်တော့ဘူးပေါ့။ မ ပေးတော့ စိတ်ဆင်းရဲရတာပေါ့နော်။ စိတ်ဆင်းရဲရတာရှိတယ်။ မတည်ငြိမ်ဘူးပေါ့။ ကျွန်တော်တို့အခုလုပ်တဲ့ စုပေါင်းစနစ်မှာကျတော့ အကျိုးအမြတ်ကတော့ တကယ်တမ်းမများပေမယ့် သေချာတယ်။ တကယ်တမ်း ကျတော့လေ။ ကိုယ့်စုရပ်တစ်နေရာတည်းမှာ လာရောင်းဝယ်ဖောက်ကားတာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေ နဲ့ သက်သာတယ်လေ၊ တကယ်တမ်းကျတော့ သက်သာတယ်၊ တောင်သူတွေလည်းအဆင်ပြေတယ်ပေါ့နော်။ အဲ့လိုအားသာချက်တွေရှိပြီးတော့ နောက်အရည်အသွေးကောင်းတဲ့ သီးနှံတွေသာ တောင်သူတွေက စိုက်ပျိုးထုတ်လုပ်တတ်လာမယ်။ နောက်ပြီးတော့ အခုလိုမျိုးစုပေါင်း ဝယ်ယူခြင်းတွေ၊ စုပေါင်းရောင်းချခြင်းတွေ၊ တောင်သူတွေကအခုထက်ပိုပြီးတော့ များစွာပါဝင်လာမယ်ဆိုရင် အခုထက်မကတဲ့ အခွင့်အလမ်းတွေအကျိုးရလဒ်တွေ ကျွန်တော်တို့ ရနိုင်တယ်လို့မြင်ပါတယ် "၂၀၂၂ ပဲစင်းငုံရာသီမှာ မကွေးတိုင်းဒေသကြီးက ပဲစင်းငုံစိုက်ပျိုးသူ တောင်သူတွေအဖို့ စုပေါင်းရောင်းချပွဲ တွေကနေ ဈေးကွက်တွေဖွံ့ဖြိုးလာတာက လာမယ့် ပဲစင်းငုံသီမ်းချိန် ရောင်းဝယ်ရေးမှာ ဘဝင်ကျလာဖို့ မျှော်လင့်နိုင်ပြီဖြစ်ပါတယ်။

**Source:** https://greenwaymyanmar.com/posts/Pigeon_Pea_Collective_Coorperation_Market

## အိန္ဒိယက ကန့်သတ်တင်သွင်းရန် ပြင်ဆင်သတ်မှတ်လိုက်သော်လည်း ပြည်တွင်း ပဲတီစိမ်းဈေးကွက် ကျဆင်းရန်မရှိ



မြန်မာတောင်သူကြီးများဂျာနယ်

မြန်မာနိုင်ငံမှ ပဲတီစိမ်းများလွတ်လပ်စွာ တင်သွင်းခွင့်ကိုပယ်ဖျက်ကာ ကန့်သတ်တင်သွင်းရန် အိန္ဒိယနိုင်ငံအစိုးရက ပြင်ဆင်သတ်မှတ်လိုက်သော်လည်း ပြည်တွင်းပဲတီစိမ်းဈေးကွက်ကိုထိခိုက်ရန် အကြောင်းမရှိဟုသိရသည်။ အိန္ဒိယနိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် ဖေဖော်ဝါရီလ ၁၁ ရက်တွင် ပဲတီစိမ်းကို ကန့်သတ်တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ် မူဝါဒပြင်ဆင်သတ်မှတ်ကြောင်း ထုတ်ပြန်ခဲ့သည်။ အိန္ဒိယနိုင်ငံက ပဲတီစိမ်းအပေါ် တင်သွင်းခွင့် ကန့်သတ်လိုက်သော်လည်း ဝယ်လိုအားများသည့် ကုန်စည်ဖြစ်သောကြောင့် ဈေးကွက်ကျဆင်းရန်မရှိဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးမျိုးသူက သုံးသပ်သည်။

မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပဲတီစိမ်းအများဆုံးထွက်ရှိပြီး တရုတ်နိုင်ငံသို့လည်း ပယ်လယ်ရေကြောင်းမှတစ်ဆင့် ပုံမှန်တင်ပို့မှုရှိနေခြင်း ၊အခြားနိုင်ငံများ၏ ဝယ်လိုအားရှိနေခြင်းတို့ကြောင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်မှုရှိမည် မဟုတ်ကြောင်း ၎င်းက သုံးသပ်သည်။ "အိန္ဒိယနိုင်ငံက ကန့်သတ်တယ်ဆိုပေမယ့် မတ်လကုန်ထိ တင်ပို့ခွင့်ရထားပြီးသားပါ။ လက်ရှိဘဏ္ဍာနှစ်နဲ့ ဖြတ်တာပေါ့။ လာမယ့်ဘဏ္ဍာနှစ်နဲ့ ဆက်သွားမှာပါ။ မြန်မာနိုင်ငံမှာလည်း ပဲတီစိမ်းက တစ်နှစ်လုံးထွက်နေတာဆိုတော့ လည်ပတ်သွားမှာပါ။ လက်ရှိတင်ပို့မှုအခြေအနေအရ တရုတ်နိုင်ငံကို အများဆုံးတင်ပို့နေတာဖြစ်လို့ သိပ်စိုးရိမ်စရာ မရှိပါဘူး။ လက်ရှိမှာ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီထိ မြန်မာနိုင်ငံကနေ ပဲတီစိမ်းတန်ချိန် ၅၀,၀၀၀ ကျော်လောက်ပဲ ထွက်သေးတာပါ။ ဒီအထဲမှ တန်ချိန် ၂၀,၀၀၀ ကျော်က တရုတ်ကို ပို့တာပါ။ စင်ကာပူနိုင်ငံကို တန်ချိန် ၁၄,၀၀၀ လောက် တင်ပို့ပါတယ်။ စင်ကာပူနိုင်ငံကိုတင်ပို့မှုက တစ်ဆင့်တင်ပို့မှုတော့ ဖြစ်နိုင်ပါတယ်။ အိန္ဒိယနိုင်ငံကို တိုက်ရိုက်တင်ပို့မှုကတော့ တန် ၁၀၀၀ လောက်ပဲ ရှိပါတယ်။ ဒါကြောင့် ပဲတီစိမ်းက ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းသွားနေတာဖြစ်လို့ ရပ်သွားစရာမရှိပါဘူး။ ပြည်တွင်းဈေးကွက်ကို ထိခိုက်နိုင်စရာမရှိပါဘူး။ လက်ရှိမှာ ပြည်တွင်းဒေသအလိုက် ကုန်စည်ဒိုင်တွေမှာ ပဲတီစိမ်းဈေး ကျဆင်းနေတာ မရှိပါဘူး။ နယ်စပ်ကသာ မသွားတာ ပင်လယ်ရေကြောင်းကနေ တရုတ်နိုင်ငံကို တင်ပို့နေပါတယ်။ လက်ရှိမှာ ပဲတီစိမ်းထွက်ရှိမှုရဲ့ ၄၀ ရာခိုင်နှုန်းလောက် တင်ပို့နေပါတယ်" ဟု ၎င်းက ပြောသည်။

တချိန်တည်းမှာပင် ပြည်တွင်းပဲတီစိမ်းဈေးနှုန်းကျဆင်းမှု မရှိစေရန် စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး အိန္ဒိယအစိုးရနှင့်ချိတ်ဆက်ကာ ယခင်ကဲ့သို့ လွတ်လပ်စွာ တင်ပို့ခွင့်ရရှိရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။၎င်းညှိနှိုင်းအစည်းအဝေးတွင် EU အပါအဝင် ဈေးနှုန်းပိုမိုရရှိနိုင်မည့် အခြားဈေးကွက်များသို့ တိုးချဲ့ တင်ပို့နိုင်ရေး စီမံဆောင်ရွက်သွားရန်ကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာပွင့်ဆန်းက တိုက်တွန်းခဲ့ကြောင်းလည်း သိရသည်။လက်ရှိတွင် ဖေဖော်ဝါရီ ၁၁ ရက်နောက်ပိုင်း အိန္ဒိယဈေးကွက်ကို တင်ပို့ရောင်းချရန် စီစဉ်ထားသည့် ပဲတီစိမ်းများမှာ ဆိပ်ကမ်းသို့ရောက်ရှိနေပြီးဖြစ်ကာ အဆိုပါကြေညာချက်ကြောင့် တင်ပို့မှုတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း ပဲကုန်သည်အချို့က ပြောကြားသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလ ၄ ရက်အထိ ပဲတီစိမ်း ၁၄၇,၃၂၆ တန်ကို ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ခဲ့ပြီး အိန္ဒိယဈေးကွက်သို့ ၁၈,၈၄၂တန်(၁၂ ရာခိုင်နှုန်းခန့်) တင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများတွင် ဖော်ပြထားသည်။ ယခင်က မြန်မာနိုင်ငံအောက်ပိုင်း ခရမ်း-သုံးခွမှ ပဲတီစိမ်းရွှေဝါဈေးကွက်သည် မန္တလေးမြို့မှတဆင့်နယ်စပ်ကုန်သွယ်မှုဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ရာ လက်ရှိနယ်စပ်ကုန်သွယ်မှုမူဝါဒ အပြောင်းအလဲများကြောင့် ပဲတီစိမ်းဈေးကွက်မှာ ရန်ကုန်ဈေးပဲဈေးကွက်သို့ပြောင်းရွှေ့ပြီး တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့လျက်ရှိသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

## ကျစျေးစောင့်ဝယ်သူတွေကြောင့် အိန္ဒိယမှာ မြန်မာပဲစင်းငုံဈေးတက်

အရင်အပတ်က အိန္ဒိယ၊ မွန်ဘိုင်းဈေးကွက်မှာ မြန်မာပဲစင်းငုံလီမွန်ဟာ ၁၀၀ ရူပီး မြင့်တက် ပြီးတစ်ကွမ်တယ် (၁၀၀ ကီလိုဂရမ်) ကို ၆၁၅၀ ရူပီး ရှိခဲ့ပါတယ်။ ပဲစင်းငုံကိုမတ်လကုန်အထိ တင်သွင်းခွင့်ပေးထားပြီး ပြည်တွင်းပြည်ပမှာလည်း ရောင်းအားတွေများနေပေမဲ့ ဈေးအနိမ့်မှာ စောင့်ဝယ်သူတွေကြောင့် အခုလိုဈေးပြန်တက်လာတာဖြစ်တယ်လို့ဆိုပါတယ်။ မြန်မာပဲစင်းငုံလိုပဲ တန်ဇန်းနီးယား၊ ဆူဒန်၊ မာလာဝီစတဲ့ အာဖရိကနိုင်ငံထွက် ပဲစင်းငုံတွေလည်းအလားတူ ဈေးတက်ခဲ့ပါတယ်။ အိန္ဒိယပဲစင်းငုံဆိုရင်လည်း ၁၂၅ရူပီးအထိမြင့်တက်ပြီး တစ်ကွမ်တယ်ကို ၆၇၀၀-၆၇၂၅ ရူပီးခန့် ရှိခဲ့ပါတယ်။

အိန္ဒိယအစိုးရရဲ့ မူဝါဒရေးရာ မရေရာမှုတွေကြောင့် ရေရှည်မှာပဲလှောင်ဖို့ မသေမချာတွေဖြစ်နေပြီး လက်လီအရောင်း ဆိုင်တွေမှာလည်း ပဲစင်းငုံခွဲခြမ်းကို ဝယ်အားနည်းနေပေမဲ့ လှောင်လက်သမားတွေနဲ့ ပဲခွဲစက်တွေက ပဲစင်းငုံအထွက်နည်းမှာ ကိုထောက်ဆရင်း အရည်အသွေးကောင်းတဲ့ပဲတွေကို အဝယ်သွက်ခဲ့ကြပါတယ်။


တောင်သူတွေကလည်း ပဲစင်းငုံအထွက်နည်းမှာဖြစ်လို့ သူတို့လက်ထဲရှိတာတွေကို အစိုးရသတ်မှတ်ထားတဲ့ အခြေခံ ဈေးတစ်ကွမ်တယ် ၆၃၀၀ ရူပီးနဲ့တောင် မရောင်းချင်ဘဲ ဖြစ်နေပါတယ်။ အိန္ဒိယမှာ ပဲစင်းငုံသီးနှံဟာ ဝါနဲ့ပဲပုပ်လိုပဲ အကျိုး အမြတ် သေချာတဲ့သီးနှံဖြစ်ပါ တယ်။

ဒါပေမဲ့ တစ်ဖက်မှာ အာဖရိကကနေ ဝင်လာတဲ့ပဲစင်းငုံတွေကြောင့် ဈေးဆက်တက်ဖို့ရာ အဟန့်အတားတွေရှိနေပါ တယ်။ လေ့လာအကဲခတ်သူတွေက အိန္ဒိယက ပြည်နယ် ၄ ခုမှာ ပဲစင်းငုံထုတ်လုပ်မှု ၃၀-၃၅ % ခန့်ကျဆင်းမယ်လို့ တွက်ချက် ထားပြီး အာဖရိကပဲစင်းငုံ လက်ကျန် လျော့ကျမယ်၊ ရွေးကောက်ပွဲကာလလည်း ပြီးဆုံးမယ့် မတ်- ဧပြီလောက်မှာ ဈေးတက်ရိပ် ရှိနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။အရင်အပတ်က အိန္ဒိယမှာ ပဲစင်းငုံတွေ ဈေးတက်ခဲ့သလို မြန်မာဈေးကွက်မှာလည်း ပဲစင်းငုံ လီမွန်ရဲ့ CNF တစ်တန်ဈေးဟာ အိန္ဒိယရဲ့ဝယ်လိုအားကြောင့် ဒေါ်လာ ၈၂၀ ကိုမြင့်တက်ခဲ့ပါ တယ်။ ချန်နိုင်းကိုတင်ပို့မယ် ပဲစင်းငုံလီမွန် (၂၀၂၂ အသစ်) ဟာ FOB တစ်တန်ဈေး ၇၁၅ ဒေါ်လာနဲ့ ကွန်တိန်နာ ပုံးပေါင်း ၅၀ခန့် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ တက်ဈေး ဖြစ်လာချိန်မှာ ရောင်းလက်ကုန်သည်တွေဘက်က အရောင်းပြန်ထိန်းခဲ့ပါတယ်။

Ref: Commodity News

Source: Current Content

## ASEAN-Korea Center ၏ (၁၄)ကြိမ်မြောက် အာဆီယံ-ကိုရီးယားဗဟိုကောင်စီ နှစ်ပတ်လည် အစည်းအဝေးသို့ မြန်မာသံအမတ်ကြီး တက်ရောက်ခဲ့မှု




ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလတွင် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်စေရေးအတွက် အာဆီယံ-ကိုရီးယားဗဟိုဌာန (ASEAN-Korea Center -AKC) ၏ အာဆီယံကောင်စီဒါရိုက်တာ(Council Director) များသည် ၂၀၂၂ ခုနှစ် ဘဏ္ဍာရေးနှစ်လုပ်ငန်း အစီအစဉ်များကို ဆွေးနွေးရန် (၁၄) ကြိမ်မြောက် အာဆီယံ-ကိုရီးယားဗဟိုကောင်စီ နှစ်ပတ်လည် အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် အွန်လိုင်းမှတစ်ဆင့် Video Conferencing စနစ်ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကိုယ်စားပြု အာဆီယံ-ကိုရီးယား ဗဟိုကောင်စီ၏ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်သော မြန်မာသံရုံး၊ ဆိုးလ်မြို့ သံအမတ်ကြီးသည် တက်ရောက်ခဲ့ပါသည်။

အဆိုပါ AKC အတွင်းရေးမှူးချုပ်၊ နှင့်အတူ အာဆီယံနိုင်ငံအသီးသီးမှ Council Director များ၊ Executive Board (EB) အဖွဲ့ဝင်များ၊ ဆိုးလ်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများမှ တာဝန်ရှိကိုယ်စားလှယ်များ၊ စီးပွားရေးသံမှူးများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် အာဆီယံ-ကိုရီးယားဗဟိုကောင်စီသည် ကောင်စီဥက္ကဋ္ဌတာဝန်အား ဘရူနိုင်းနိုင်ငံထံမှ ကမ္ဘောဒီးယားနိုင်ငံထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး၊ ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ကြသော အစီအစဉ်များ၏ စွမ်းဆောင်ရည်နှင့်ထိရောက်မှုကို ပြန်လည်သုံးသပ်ပြီး အစည်းအဝေးတွင် အဆိုပြုထားသော ၂၀၂၂ ခုနှစ်အတွက် အစီအစဉ်များနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး၍ အတည်ပြုခဲ့ကြ ပါသည်။

၂၀၂၁ ခုနှစ်တွင် AKC သည် အများအားဖြင့် Online (သို့မဟုတ်) Hybrid Formatဖြင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာမှု၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ပညာရေးဆိုင်ရာ အစီအစဉ်ပေါင်း (၂၀)ခန့်ကို ဆောင်ရွက်ခဲ့ပါသည်။ AKC သည်အာဆီယံ အဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှင့် အာဆီယံလူငယ်များကဲ့သို့သော စိတ်ဝင်စားဖွယ်ကောင်းသည့် အာဆီယံနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဖော်ထုတ်ဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ၊ ကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် အာဆီယံနှင့် တောင်ကိုရီးယားနိုင်ငံမှ လူငယ်များနှင့် အွန်လိုင်း ဆက်သွယ်ရေးနှင့် ဖလှယ်မှုများကို ချဲ့ထွင်နိုင်ခဲ့ပါသည်။ အဆိုပါ AKC စင်တာမှ ဆိုးလ်မြို့ရှိ အာဆီယံ သံရုံးများ၏ ပံ့ပိုးမှုတို့ဖြင့်နှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်မှုများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသော လွန်ခဲ့သည့်နှစ်နှစ်တာကာလအတွင်း လွန်စွာခက်ခဲသည့်ကာလ များကြားတွင် အာဆီယံဒေသနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်နိုင်စေခဲ့ပါသည်။

မြန်မာသံအမတ်ကြီးက ၂၀၂၁ ခုနှစ်အတွင်း မြန်မာသံရုံး၊ ဆိုးလ်မြို့အနေဖြင့် နှင့် အာဆီယံ-ကိုရီးယား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာမှု၊ ယဉ်ကျေးမှု အစရှိသည့် အစီအစဉ် အသီးသီး တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများ၊ ASEAN-Korea Startup Challenge ပြိုင်ပွဲ အစီအစဉ်တွင် မြန်မာနိုင်ငံက (၂) နှစ်ဆက်တိုက် ဆုများဆွတ်ခူးရရှိခဲ့မှုအခြေအနေများကို ထည့်သွင်းဆွေးနွေးခဲ့ပြီး၊ ၂၀၂၂ ခုနှစ်အတွက် AKC မှ လျာထားသည့်အစီအစဉ်များတွင် ပုံမှန်အတိုင်း တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အကြောင်းနှင့် ကိုဗစ်-၁၉ အခြေအနေများအရ ခရီးသွားလာမှုများ ပြန်လည်ပွင့်လန်းလာသည့်ကာလတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများအတွက် သင့်လျော်သော Outbound Program အစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေးခဲ့ ပါသည်။

၂၀၂၁ ခုနှစ်တွင် အာဆီယံ-ကိုရီးယား ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ (၁၇၆.၇) ဘီလီယံ ရှိခဲ့ပြီး၊ တောင်ကိုရီးယားနိုင်ငံရှိ အာဆီယံ ကျောင်းသားဦးရေသည် (၇၂,၅၃၅) ဦးထိ ရောက်ရှိ ခဲ့ကာ၊ ယခင်နှစ်ထက် (၆,၀၀၀) ကျော် တိုးတက်လာသည့် ကိန်းဂဏန်းများက အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်နိုင်မှုများ၏တိုးတက်မှုကို သက်သေထူလျက်ရှိပါသည်။

၂၀၂၂ ခုနှစ်တွင် AKC သည် ဟန်ချက်ညီသော၊ အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော အာဆီယံ-ကိုရီးယား မိတ်ဖက်ဆက်ဆံရေးကို ခိုင်မာအားကောင်းစေမည့် အထောက်အကူတစ်ရပ် ဖြစ်စေရန် ရပ်တည်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အထူးသဖြင့် ၂၀၂၂ ခုနှစ် အတွင်း AKC သည် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူငယ်အပါအဝင် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများကို အာဆီယံ-ကိုရီးယား သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ အုပ်ချုပ်မှု (Environment, Social, Governance - ESG) ဆိုင်ရာ နှီးနှောဖလှယ် ဆွေးနွေးပွဲ(Seminar)ကဲ့သို့သော အစီအစဉ်များမှတစ်ဆင့် လည်းကောင်း၊ Jeju ASEAN Hall တည်ထောင်ခြင်း (အာဆီယံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဆိုင်ရာများကို ပြသထားမည့် ပြပွဲခန်းမ) နှင့် 'အာဆီယံနှင့်ကိုရီးယား လူငယ်များ၏အပြန်အလှန်သဘောထားစစ်တမ်း(ဒုတိယမြောက်နှစ်) ('Survey on Mutual Perceptions of ASEAN and Korea Youths") ၏စသည့်အစီအစဉ်များကို ဆိုးလ်မြို့ရှိ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများနှင့်ပူးပေါင်း၍ အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

AKC သည် အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ သက်ဆိုင်ရာအစိုးရများကို ကိုယ်စားပြုသည့် အဆင့်မြင့်အရာရှိကြီးများနှင့် သံတမန်များပါဝင်သော ကောင်စီအဖွဲ့ဝင်များကို နှစ်စဉ်အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိရာ၊ ၂၀၂၁ ခုနှစ်မှ စ၍ ကိုဗစ်-၁၉ ကပ်ရောဂါ အခြေ အနေကြောင့် အစည်းအဝေးကို Video Conferencing စနစ်ဖြင့်သာ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ ၂၀၂၃ ခုနှစ်၏ နှစ်ပတ်လည်အစည်းအဝေးအား တောင်ကိုရီးယားနိုင်ငံနှင့် သက်ဆိုင်ရာ နိုင်ငံများအကြား ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလာခွင့် အခြေအနေများ ပြန်လည်ပွင့်လန်းလာပါက ဆိုးလ်မြို့၌ အိမ်ရှင် နိုင်ငံအဖြစ် (Offline) ပုံမှန်အတိုင်း လက်ခံကျင်းပနိုင်ရန် AKC က

ရည်မှန်းထားကြောင်း သိရှိရပါသည်။

Source: ASEAN-Korea Centre (AKC)၊ Myanmar Embassy (Seoul)

(ဝင်းပပသူ၊ စီးပွားရေးသံမှူး) မြန်မာသံရုံး၊ ကိုရီးယားသမ္မတနိုင်ငံ

## စွမ်းအင်ဈေးနှုန်းမြင့်တက်မှုကြောင့် အီးယူ၏ စီးပွားရေးတိုးတက်မှုကို ဥရောပကော်မရှင်က လျှော့ချ ခန့်မှန်းခဲ့ခြင်း

၂၀၂၂ ခုနှစ်တွင် အီးယူ၏ စီးပွားရေးသည် ယခင်မျှော်မှန်းထားသည်ထက် လျော့နည်း၍ တိုးတက်မည်ဖြစ်ကြောင်း၊ စွမ်းအင်ဈေးနှုန်းမြင့်မားခြင်း၊ ထောက်ပံ့ရေးကွင်းဆက်ပြဿနာများက ငွေကြေးဖောင်းပွမှုကို ပိုမိုဖြစ်ပေါ်စေပြီး၊ ကပ်ရောဂါမှ စီးပွားရေးပြန်လည်နာလန်ထူမှုကို နှောင့်နှေး စေခြင်းတို့ကြောင့် ဥရောပကော်မရှင်က အီးယူ၏စီးပွားရေးတိုးတက်မှုခန့်မှန်းချက်ကို လျှော့ချခဲ့ခြင်း ဖြစ်ကြောင်း သိရပါသည်။

အီးယူစီးပွားရေးသည် ၂၀၂၁ ခုနှစ်တွင် (၅.၃) ရာခိုင်နှုန်းဖြင့်တိုးတက်ခဲ့ပြီးနောက် ယခု ၂၀၂၂ ခုနှစ်တွင် အီးယူနှင့် ယူရိုဇုန်၏ စီးပွားရေးသည် ယခင်ခန့်မှန်းထားသည့် (၄.၃) ရာခိုင်နှုန်းထက် လျော့နည်း၍ (၄) ရာခိုင်နှုန်းခန့်ဖြင့်သာ တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ ငွေကြေးဖောင်းပွနှုန်း မှာမူ ၂၀၂၂ ခုနှစ်တွင် မျှော်မှန်းသည်ထက်ပို၍ မြင့်မားနိုင်ပြီး၊ (၃.၅) ရာခိုင်နှုန်းသို့ရောက်ရှိနိုင်ပါ သည်။

အီးယူ၏ စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အချက်များစွာရှိနေကြောင်း၊ အိုမီခရွန်ဗိုင်းရပ်စ်မျိုးကွဲ လျင်မြန်စွာကူးစက်ပျံ့နှံ့ခြင်း၊ စွမ်းအင်ဈေးမြင့်မားမှုကြောင့် ငွေကြေးဖောင်းပွနှုန်း ထပ်မံမြင့်တက်စေခြင်းနှင့် ထောက်ပံ့ရေး ကွင်းဆက်အဟန့်အတားများ ဆက်လက်ရှိနေခြင်း စသည့်အချက်များဖြစ်ကြောင်း အီးယူ၏ စီးပွားရေးကော်မရှင်နာဖြစ်သူ **Paolo Gentiloni** ကပြောကြားပါသည်။ ကုန်ဈေးနှုန်းမြင့်တက်မှုများသည် ဥရောပ၏ နွေရာသီကာလအထိ ဆက်လက် ဖြစ်ပေါ်နိုင်ကြောင်းနှင့် ထောက်ပံ့ရေးကွင်းဆက်အဟန့်အတားများ ဖြေလျှော့လာနိုင်ပြီး၊ စွမ်းအင်ဈေးနှုန်း အသင့်အတင့် ပြန်လည်ကျဆင်းပြီးနောက်တွင်မှ ငွေကြေးဖောင်းပွမှုကျဆင်းမည်ဟု ခန့်မှန်း ကြောင်း ၎င်းကဆိုသည်။

သို့ရာတွင် အရှေ့ဥရောပ၌ ပထဝီနိုင်ငံရေးတင်းမာမှုများ သိသိသာသာ အရှိန်ရလာခြင်းကြောင့် စီးပွားရေးအပေါ် ခြိမ်းခြောက်မှုများရှိလာနိုင်ခြင်းနှင့်အတူ မသေချာမရေရာမှုများ ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း၊ ရုရှားနှင့် ယူကရိန်းတို့ အကြား တင်းမာမှုသည် အီးယူအတွက် ရုရှားနိုင်ငံမှ စွမ်းအင်ရောင်းချမှုအပေါ် မသေမချာဖြစ်စေနိုင်ကြောင်း၊ အီးယူရှိစက်ရုံ လုပ်ငန်းများနှင့် အိမ်ထောင်စုများအတွက် လိုအပ်သည့် ဓါတ်ငွေ့တင်သွင်းမှု၏ (၄၀) ရာခိုင်နှုန်းခန့်ကို ရုရှားနိုင်ငံမှ ဝယ်ယူရခြင်း ဖြစ်ကြောင်း သိရပါသည်။

ဈေးနှုန်းမြင့်တက်နေစေကာမူ ရုရှားနိုင်ငံအနေဖြင့် လက်ရှိတွင် အီးယူသို့ ဓါတ်ငွေ့/စွမ်းအင် တိုးမြှင့်ရောင်းချဖွယ်ရှိမည် မဟုတ်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌဖြစ်သူ **Ursula von der Leyen** က ဘရပ်ဆဲလ်၌ ပြုလုပ်သည့် စီးပွားရေးကွန်ဖရင့်တွင် ပြောကြားကြောင်း၊ အီးယူအနေဖြင့် ဓါတ်ငွေ့တင်သွင်းမှုအပေါ် မှီခိုနေရခြင်းကြောင့် ဈေးနှုန်းမြင့်တက်မှုနှင့်ပတ်သက်၍ အလွန် ထိရှလွယ်သည့် အခြေအနေဖြစ်သည်ဟု ၎င်းက ပြောကြားကြောင်း သိရပါသည်။

လာမည့် ၂၀၂၃ ခုနှစ်တွင် ယူရိုဇုန်၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဥရောပဗဟိုဘဏ်၏ (၂) ရာခိုင်နှုန်း ရည်မှန်းချက် အောက်ဖြစ်သည့် (၁.၇) ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိနိုင်ခြင်းနှင့်အတူ အီးယူ၏စီးပွားရေးသည် ပုံမှန်အခြေအနေသို့ ပြန်လည် ရောက်ရှိနိုင်မည်ဟု ဥရောပကော်မရှင်က ခန့်မှန်းထားပါသည်။

ရင်းမြစ် – https://www.euractiv.com/

(ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး) မြန်မာသံရုံး၊ ဘယ်ဂျီယံနိုင်ငံ

## ဂျပန်နိုင်ငံရှိ အသက် ၂၅ နှစ်မှ ၃၄ နှစ်အရွယ်လူများအကြား ဝင်ငွေကွာဟချက်မြင့်မားလာကြောင်းသိရ

ဂျပန်နိုင်ငံရှိ အသက် ၂၅ နှစ်မှ ၃၄ နှစ်အရွယ်လူများအကြား ဝင်ငွေကွာဟချက်သည် ၎င်းအသက်အုပ်စုများအကြား ဝင်ငွေမညီမျှမှုကို တိုင်းတာသည့် **Gini coefficient ညွှန်းကိန်း** မြင့်တက်လာခြင်းကြောင့် ဖြစ်သည်ဟု ဂျပန်အစိုးရအဖွဲ့၏ (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ်စီးပွားရေး အစီရင်ခံစာအရ သိရပါသည်။ဂျပန်နိုင်ငံ၏ စီးပွားရေးအနေအထားကို အဓိကထားကာ လေ့လာ

သုံးသပ်သည့် ၎င်းအစီရင်ခံစာအရ အိမ်ထောင်ပြုပြီး သားသမီးမွေးဖွားရန် အလားအလာရှိသူများအား ဝင်ငွေတိုးမြှင့် ပေးခြင်းသည် အိမ်ထောင်ပြုနောက်ကျပြီး သားသမီးမွေးဖွားနိုင်ချေနည်းပါးသောအနေအထားကိုဖြေရှင်းရန် အကောင်းဆုံး အစီအမံတစ်ခုဖြစ်ကြောင်း သုံးသပ်ထားပါသည်။

Gini coefficient အညွှန်းကိန်းသည် ကိန်းဂဏန်း (၀ နှင့် ၁) ကိုအသုံးပြုကာ ဝင်ငွေမညီမျှမှုကို တိုင်းတာသော အညွှန်းကိန်းတစ်ခုဖြစ်ပါသည်။ ဝင်ငွေကွာဟချက် ကြီးမားလေ၊ အညွှန်းကိန်းမှာ ကိန်းဂဏန်း ၁ နှင့် နီးကပ်လေဖြစ်ပါသည်။ အသက်အရွယ်အုပ်စုအလိုက် ၂၅ နှစ်မှ ၂၉နှစ်အကြားလူများသည် ၂၀၀၂ ခုနှစ်တွင်ရှိခဲ့သည့် Gini coefficient အညွှန်းကိန်း ၀.၂၄ မှ ၂၀၁၇ ခုနှစ်တွင် ၀.၂၅ သို့လည်းကောင်း၊ အသက် ၃၀ မှ ၃၅ နှစ်အကြားလူများသည် Gini coefficient အညွှန်းကိန်း ၀. ၃၁၁ မှ ၀. ၃၁၈ သို့ ၎င်းကာလတူ အတွင်း တိုးတက်လာခဲ့ပါသည်။

အစီရင်ခံစာအရ ထိုသို့တိုးတက်လာခြင်းမှာ ပုံမှန်သမားရိုးကျမဟုတ်သည့် ကန်ထရိုက်စာချုပ်ဖြင့် ဆောင်ရွက်ကြသော အမျိုးသားဦးရေတိုးတက်လာပြီးအလုပ်ချိန်မှာ နည်းပါးသောကြောင့် ဖြစ်သည်ဟုသိရပါသည်။ အခြားသောအသက်အုပ်စုများတွင် ယေဘုယျအားဖြင့် Gini coefficient အညွှန်းကိန်းမှာ တဖြည်းဖြည်းချင်း ကျဆင်းလာသည်ကို တွေ့ရပါသည်။အသက် ၂၅ နှစ်မှ ၃၄ နှစ်အကြား လူများတွင် တကိုယ်ရေနေထိုင်သူ အိမ်ထောင်စုရာခိုင်နှုန်းမှာ မြင့်တက်လာပြီး သားသမီးမွေးဖွားသည့် ဇနီးမောင်နှံအိမ်ထောင်စုများမှာ လျော့နည်းကျ ဆင်းလာပါသည်။

၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း စာရင်းဇယားများကိုနှိုင်းယှဉ်ကြည့်ပါက နှစ်စဉ်ဝင်ငွေ ယန်း ၅ သန်းအောက်ရရှိပြီး သားသမီးရှိသည့် အိမ်ထောင်စုအရေအတွက်မှာ သိသိသာသာ လျော့ကျလာသည်ကို တွေ့ရပါသည်။ ဝင်ငွေနည်းပါးသည့် လူများအကြားတွင် အိမ်ထောင်ပြုပြီး သားသမီးမွေးဖွားရန်ဆုံးဖြတ်ချက်ချနိုင်ရေး အခက်အခဲများ များပြားလာကြောင်း အစီရင်ခံစာအရ သိရပါသည်။ ဂျပန်ဝန်ကြီးချုပ် Fumio Kishida သည် ယေဘုယျအားဖြင့် သားသမီးပြုစုပျိုးထောင်နေရသည့် မိသားစုများနှင့် လူငယ်များ၏ဝင်ငွေကို မြှင့်တင်ခြင်းဖြင့် လူလတ်တန်းစားများ၏ လူနေမှုဘဝကိုမြှင့်တင်ရန် လူမှုဖူလုံရေး စနစ်ပြုပြင်ပြောင်းလဲမှုအစီအမံများမှတစ်ဆင့် ကြိုးပမ်းဆောင် ရွက်သွားရန် ရည်မှန်းထားပါသည်။

**Source:** https://www.nippon.com/en

(နန္ဒာဝင်း၊ စီးပွားရေးသံမှူး) မြန်မာသံရုံး၊ ဂျပန်နိုင်ငံ

## STOCK EXCHANGE (16.2.22)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +100 | +1.22% | 8,200 | 8,300 | 8,200 | 1,100 | 9,035,000 | 33,109,694 | 274,810 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 2,944 | 8,832,000 | 38,929,150 | 116,787 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,000 | 19,000 | 19,000 | 511 | 9,709,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 80 | 212,000 | 12,823,224 | 33,982 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,900 | 2,850 | 226 | 645,650 | 19,977,223 | 56,935 |
| AMATA | 00007 | 5,300 | +100 | +1.92% | 5,300 | 5,300 | 5,300 | 3 | 15,900 | 10,497,598 | 55,637 |

## Market summary

As of 16th Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 384.18 | +1.79 | +0.47% | 382.39 | 384.89 | 382.39 | 4,864 | 28,449,550 | 7 | 668,328 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 16th Feb. 2022

| MYANPIX | 384.18 ▲ 1.79 |
|---|---|
| Total Volume (shares) | 4,864 |
| Total Value (MMK) | 28 mil |
| Listed Company | 7 |
| Market Cap. (MMK) | 668,328 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 5,300 | ▲ 100 |